ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

၁၉၈၀ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ
နှင့်
# လုပ်ထုံးလုပ်နည်းများ

ပြည်သူ့လွှတ်တော်ရုံးချုပ်   ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်   စာအုပ်ထုတ်ဝေရေး ဆောင်ရွက်ရေးလုပ်ငန်း   ပုံနှိပ်သည်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

၁၉၇၈ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ

# နှင့်

# လုပ်ထုံးလုပ်နည်းများ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်

ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင် တာများအတွက် ကျပ်နှစ်ရာငါးဆယ် ကုဋေပမာဏထက် မပိုစေရ။

၇။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံ စာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ (က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံကိန်းများ အတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့်ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ယင်းသို့ ချေးငွေရယူသည့်အခါ မိမိသင့်သည်ထင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ချေးယူရရှိသည့် ငွေကို နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများသို့ သင့်လျော်သောစည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးနိုင်သည်။

၉။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်း စီမံချက်များအတွက် သော်လည်းကောင်း၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ် အတွက် သော်လည်းကောင်း ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။

၁၀။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စားအာမခံချက် ပေးနိုင်သည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်

## ၁၉၇၈ ခုနှစ်

# ဥပဒေများ၊ နည်းဥပဒေများ
# နှင့်
# လုပ်ထုံးလုပ်နည်းများ

ပြည်သူ့လွှတ်တော်အတွက် ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်းမှ ရိုက်နှိပ်သည်။

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |

## ဥပဒေများ


၁။ ၁၉၇၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ* ၁

၂။ ၁၉၇၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ-အသုံး ဆိုင်ရာ ဥပဒေ * ၁၁

၃။ တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ * ၄၃

၄။ တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်း ဥပဒေ ** ၄၇


## နည်းဥပဒေများ

မရှိပါ။

## လုပ်ထုံးလုပ်နည်းများ

မရှိပါ။

---

* ပထမ အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းပါသည်။

** ဒုတိယ အစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းပါသည်။

# ၁၉၇၀ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာဥပဒေ

# ၁၉၇၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာဥပဒေ

[၁၉၇၈ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁။]

## နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ အနှစ် ၂၀ နှစ်ရှည် စီမံကိန်းနှင့် တတိယလေးနှစ်စီမံကိန်း လမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်နှင့် တတိယလေးနှစ်စီမံကိန်း (၁၉၇၈-၇၉ မှ ၁၉၈၁-၈၂) တို့၏ ရည်မှန်းချက်များကို ရရှိစေရန် အလို့ငှာ၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၇၈-၇၉ ခု၊ ဘဏ္ဍာရေး နှစ်အတွက် ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

# အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကအတည်ပြု ပြဋ္ဌာန်းခဲ့သော တတိယ လေးနှစ်စီမံကိန်းနှင့်အညီ ရေးဆွဲ ထားသည့် တတိယလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၇–၇၈ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဖော်ပြထားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန် ယင်းကဏ္ဍများနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည် ဖော်ကြရမည်။

| အမှတ်စဉ် | ဌာနများ | ၁၉၇၈-၇၉ ခု ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံသေ ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) | | ၁၉၇၇-၇၈ ခု အခြေခံနှစ်အပေါ် ၁၉၇၈-၇၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုး အပေါ် | အသားတင်တန်ဖိုး အပေါ် | |
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ — — | ၄၂၉၂၂ | ၃၆၆၃၅ | ၄.၂ | ၅.၀ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း၊ စက်မှုလယ်ယာ ဦးစီးဌာန၊ ပြည်သူ့လုပ်အားနေရာချထားရေးဦးစီးဌာနနှင့် ဆည်မြောင်းဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၂ | သားငါး — — | ၁၂၂၁၀ | ၉၅၁၇ | ၄.၇ | ၄.၇ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့်သစ်တောဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်း၊ တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းကော်ပိုရေးရှင်း၊ တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန၊ |
| ၃ | သစ်တော — — | ၅၀၆၆ | ၃၂၉၇ | ၄.၇ | ၄.၁ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်းနှင့် သစ်တောဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၄ | သတ္တု — — | ၉၅၅၀ | ၂၀၄၁ | ၁၂.၉ | ၁၃.၄ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ရေနံကော်ပိုရေးရှင်း၊ အမှတ် (၁) သတ္တုတူးဖော် ထုတ်လုပ်ရေး ကော်ပိုရေးရှင်း၊ အမှတ် (၂) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၃) သတ္တုတူးဖော် ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ် (၄) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ မြန်မာ့ ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ စံကိုက်နှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာန၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ကျောက်မိုင်းကော်ပိုရေးရှင်း၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၅ | စက်မှုလက်မှု — — | ၇၄၁၄၄ | ၁၅၀၀၇ | ၁၃.၄ | ၁၃.၄ | – ဝန်ကြီးအဖွဲ့ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း၊ အထည်အလိပ်လုပ်ငန်း ကော်ပိုရေးရှင်း၊ သတ္တုပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ကော်ပိုရေးရှင်း၊ ကြွေထည်မြေထည် လုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေ စက်မှု လက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ သေနင်္ဂဗျူဟာလက်မှုပညာကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှု ညွှန်ကြားရေးဦးစီးဌာနနှင့် စက်မှုစံကိုက်ဦးစီးဌာန၊<br>– အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ စက်မှုဆောင်ရွက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ စက္ကူနှင့် ဓာတုဗေဒ လုပ်ငန်းကော်ပိုရေးရှင်း၊ ရေနံဓာတုဗေဒနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း၊ အကြီးစားစက်မှုလုပ်ငန်းကော်ပိုရေးရှင်း၊ မဟီ သုတေသန လုပ်ငန်းအဖွဲ့၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းကော်ပိုရေးရှင်း၊ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊ ဆားလုပ်ငန်းကော်ပိုရေးရှင်း၊<br>– သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း။ |

| အမှတ်စဉ် | ဘဏ္ဍာရေး | ၁၉၇၀-၇၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (ထန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများဖြင့်တွက်ချက်ထားပါသည်)၊ စုစုပေါင်းတန်ဖိုး (ကျပ်သိန်းပေါင်း) | အသားတင်တန်ဖိုး (ကျပ်သိန်းပေါင်း) | ၁၉၇၇-၇၀ ခု၊ အခြေခံနှစ်အပေါ် ၁၉၇၀-၇၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း၊ စုစုပေါင်းတန်ဖိုးအပေါ် (ရာခိုင်နှုန်း) | အသားတင်တန်ဖိုးအပေါ် (ရာခိုင်နှုန်း) | တာဝန်ဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ၊ |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၅ | စက်မှုလက်မှု ။အဆုံး | | | | | – ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သင်္ဘောကျင်းကော်ပိုရေးရှင်း၊ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးကော်ပိုရေးရှင်း။<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိရိယာကျန်းနှင့် ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ စားသောက်ဆိုင်နှင့် အဖျော်ယမကာ ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ အထည်အလိပ်ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ ဆေးနှင့် ဆေးပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း။ ပုံနှိပ်နှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း။<br>– ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သာသနာရေးဦးစီးဌာန၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဝါဒီလုပ်ငန်းစီမံကိန်း၊<br>– ကာကွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ကာကွယ်ရေးစက်ပစ္စည်းစက်ရုံ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် သမဝါယမဦးစီးဌာန၊ |
| ၆ | လျှပ်စစ်ဓာတ်အား — | ၁၇၇၉ | ၁၃၆၂ | ၁၄.၅ | ၁၆.၈ | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့ကတာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း။ |
| ၇ | ဆောက်လုပ်ရေး .... — | ၈၅၃၀ | ၂၇၄၇ | ၂၂.၄ | ၂၃.၂ | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဆောက်လုပ်ရေးကော်ပိုရေးရှင်း။ |
| ၈ | ပို့ဆောင်ရေး .... — | ၁၂၀၀၂ | ၆၇၉၅ | ၇.၇ | ၈.၆ | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့ကတာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ရထားပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကုန်းလမ်း ပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ရေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ကြယ်ငါးပွင့်သင်္ဘောကော်ပိုရေးရှင်း၊ လေကြောင်းပို့ဆောင်ရေးကော်ပိုရေးရှင်း၊ ဆိပ်ကမ်းကော်ပိုရေးရှင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန၊ |
| ၉ | ဆက်သွယ်ရေး — — | ၅၃၆ | ၄၅၈ | ၈.၅ | ၈.၅ | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးကော်ပိုရေးရှင်း။ |
| ၁၀ | ငွေရေးကြေးရေး ... — | ၃၂၅၈ | ၂၀၈၆ | ၂၈.၈ | ၂၀.၄ | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီ အဆင့်ဆင့်၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၊ မြန်မာ့စိုက်ပျိုးရေးဘဏ်နှင့် မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်း။<br>– သမဝါယမ ဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၁၁ | လူမှုရေးနှင့် စီမံခန့်ခွဲရေး — | ၂၆၂၀၃ | ၁၅၄၀၂ | ၂.၉ | ၂.၃ | – နိုင်ငံတော်၏ ဘာဏာပိုင်အဖွဲ့အစည်းများ၊ သို့မဟုတ် ယင်းအဖွဲ့အစည်း အသီးသီးကတာဝန်ပေးမည့်ဌာန/ရုံး/ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊ |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၈-၇၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံသေ ဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) | | ၁၉၇၇-၇၈ ခု၊ အခြေခံနှစ်အပေါ် ၁၉၇၈-၇၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုး အပေါ် | အသားတင်တန်ဖိုး အပေါ် | |
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၁ | လူမှုရေးနှင့် စီမံခန့်ခွဲရေး ။အသုံး | | | | | – ပညာရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အထက်တန်းပညာဦးစီးဌာန၊ စက်မှု ကိုက်ပျိုးနှင့် အသက်မွေးပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ စာစစ်ဦးစီးဌာန၊ ပညာရေးသုတေသနဦးစီးဌာန၊ မြန်မာစာအဖွဲ့၊<br>– ကျန်းမာရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆေးပညာသင်ကြားရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊<br>– လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊<br>– ပြန်ကြားရေးနှင့် သာသနာရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– အလုပ်သမားဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၊<br>– ကာကွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ။ |
| ၁၂ | တိပ်ငှားခနှင့် အခြားဝန်ဆောင်မှု | ၁၀၉၆၉ | ၉၃၀၅ | ၂.၉ | ၃.၁ | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့ကတာဝန်ပေးမည့်ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ တိုးအိမ်ဦးစီးဌာန၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးကော်ပိုရေးရှင်း၊<br>– ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ရုပ်ရှင်လုပ်ငန်းကော်ပိုရေးရှင်း၊<br>– ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေးကိုယ်စားလှယ်ကော်ပိုရေးရှင်း။ |
| ၁၃ | ကုန်သွယ်မှုတန်ဖိုး — | ၄၀၈၅၁ | ၃၃၃၁၄ | ၃.၆ | ၃.၀ | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ၊<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ကုန်သွယ်ရေးကော်ပိုရေးရှင်းများ၊<br>– အမှတ် (၂) စက်မှုဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ဆေးဝါးထုတ်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရေးကော်ပိုရေးရှင်း၊<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သစ်လုပ်ငန်းကော်ပိုရေးရှင်း၊<br>– ထုတ်လုပ်သူများထံမှ ကုန်ပစ္စည်းများကို တိုက်ရိုက်ဝယ်ယူသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊<br>– စားသုံးသူနှင့် လုပ်ငန်းရှင်များသို့ တိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊<br>– သမဝါယမဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ သမဝါယမဦးစီးဌာန။ |
| ၁၄ | စုစုပေါင်း — — | ၂၄၂၀၂၈ | ၁၃၈၉၈၃ | ၇.၈ | ၅.၉ | |

| အမှတ်စဉ် | ထုတ်ကုန်များ | ၁၉၇၀-၇၉ ခု၊ ထုတ်လုပ်ရေးနှစ်အတွက် ရည်မှန်းချက်များ၊ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ တွက်ချက်ထားပါသည်) | | ၁၉၇၇-၇၈ ခုနှစ်၊ အခြေခံနှစ်အပေါ် ၁၉၇၀-၇၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | တာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုး အပေါ် | အသားတင်တန်ဖိုး အပေါ် | |
| | | ကျပ်သိန်းပေါင်း | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁၅ | နိုင်ငံခြားသို့ပို့ကုန်တန်ဖိုး (သင်္ဘောပေါ်ရောက်တန်ဖိုး) | ၈၅၇၉ | .... | ၄.၁ | .... | – ဝန်ကြီးအဖွဲ့၊ သို့မဟုတ် ဝန်ကြီးအဖွဲ့က တာဝန်ပေးမည့် ကော်မတီ။<br>– ပြည်သူ့ကောင်စီအဆင့်ဆင့်၊<br>– ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာကိုင်းကျွန်းနှင့်ဉယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း။ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်း၊ မြန်မာ့ထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်း။<br>– လယ်ယာနှင့် သစ်တောဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ ပုလဲနှင့်ငါးလုပ်ငန်းကော်ပိုရေးရှင်း။ သစ်လုပ်ငန်းကော်ပိုရေးရှင်း။<br>– သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ အမှတ်(၁) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၊ အမှတ်(၂) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း။ အမှတ်(၃) သတ္တုတူးဖော်ထုတ်လုပ်ရေးကော်ပိုရေးရှင်း။ မြန်မာ့ကျောက်မျက်ရတနာကော်ပိုရေးရှင်း။<br>– အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ကြွေထည်မြေထည်လုပ်ငန်းကော်ပိုရေးရှင်း၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်း၊ အထွေထွေစက်မှုလုပ်ငန်းကော်ပိုရေးရှင်း။ စားသောက်ကုန်လုပ်ငန်းကော်ပိုရေးရှင်း။ အထည်အလိပ်လုပ်ငန်းကော်ပိုရေးရှင်း။<br>– အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ယင်းဝန်ကြီးဌာနလက်အောက်ရှိ ရေနံဓာတုဗေဒနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကော်ပိုရေးရှင်း။<br>– ပြည်ပသို့တိုက်ရိုက်တင်ပို့ရောင်းချသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ။ |
| ၁၆ | ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | .... | ၁၃၈၉၈၃ | .... | ၅.၉ | |
| ၁၇ | ပြည်တွင်းသုံးရန်တန်ဖိုး — — | ၁၄၁၆၉၈ | .... | ၇.၀ | .... | |
| ၁၈ | စားသုံးရန်ကျန်ရှိသည့်တန်ဖိုး — — | ၁၂၂,၂၈၃ | .... | ၄.၅ | .... | |
| ၁၉ | ငွေရင်းမြုပ်နှံရန်ကျန်ရှိသည့်တန်ဖိုး — | ၁၈၂၆၇ | .... | ၃.၂၄ | .... | |

| အမှတ်စဉ် | ကဏ္ဍများ | ၁၉၇၀-၇၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက်ရည်မှန်းချက်များ (တန်ဖိုးများကို ၁၉၆၉-၇၀ ခုနှစ် ပုံသေဈေးနှုန်းများဖြင့် တွက်ချက်ထားပါသည်) | | ၁၉၇၇-၇၈ ခု၊ အခြေခံနှစ်အပေါ် ၁၉၇၀-၇၉ ခုနှစ် ရည်မှန်းချက်များ၏ တိုးတက်မှုနှုန်း | | ထာဝန်ခံဆောင်ရွက်ကြမည့်အဖွဲ့အစည်းများ |
|---|---|---|---|---|---|---|
| | | စုစုပေါင်းတန်ဖိုး | အသားတင်တန်ဖိုး | စုစုပေါင်းတန်ဖိုးအပေါ် | အသားတင်တန်ဖိုးအပေါ် | |
| | | ကျပ် | | ရာခိုင်နှုန်း | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၂၀ | လူတဦးစီအတွက်ပျမ်းမျှထုတ်လုပ်မှု | ၇၄၃ | ... | ၆.၆ | ... | |
| ၂၁ | လူတဦးစီအတွက် ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှု | ၄၂၇ | ... | ၄.၇ | — | |
| ၂၂ | လူတဦးစီအတွက်ပျမ်းမျှဝင်ငွေ | ၄၃၂ | ... | ၅.၉ | ... | |
| ၂၃ | လူတဦးစီအတွက်ပျမ်းမျှစားသုံးမှု | ၃၇၅ | ... | ၃.၃ | ... | |
| ၂၄ | လူတဦးစီ၏ပျမ်းမျှရင်းနှီးမြှုပ်နှံမှု | ၅၆ | ... | ၃၀.၂ | ... | |
| ၂၅ | အလုပ်လုပ်သူတဦး၏ ပျမ်းမျှထုတ်လုပ်မှု | ၁၈၇၀ | — | ၅.၃ | — | |
| ၂၆ | အလုပ်လုပ်သူတဦး၏ ပျမ်းမျှပြည်တွင်းအသားတင် ထုတ်လုပ်မှု။ | ၁၀၇၄ | — | ၃.၅ | — | |

# ၁၉၇၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
# အရ-အသုံးဆိုင်ရာဥပဒေ

# ၁၉၇၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေ

[၁၉၇၈ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၂။]

## နိဒါန်း

ရငွေများကို စည်းကြပ်ကောက်ခံ ရရှိနိုင်ရန် လည်းကောင်း၊ ၁၉၇၈-၇၉ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း သုံးငွေများကို သုံးစွဲနိုင်ရန် လည်းကောင်း၊ ဘဏ္ဍာငွေများလိုအပ်လာလျှင် ရှာဖွေဖြည့်တင်းနိုင်ရန်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

# အပိုင်း ၁

## အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၇ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၇၇-၇၈ ခု၊ ဘဏ္ဍာရေး နှစ်အတွက် ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အာဏာတည် ရမည်။

# အပိုင်း ၂

## ဘဏ္ဍာ ရန်ပုံငွေ

## ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေနှင့် နိုင်ငံတော်၏အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေ

၂။ (က) ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တဝန်းလုံး၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်၊

(ခ) နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ အဖွဲ့အစည်းများ၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

# အပိုင်း ၃

## နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာန များနှင့် ဦးစီးဌာနများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၃။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁) (၂) (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများအတွက် ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထား

သော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်၊

(ဃ) ဇယား(၁)နှင့် (၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပ အကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂)နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက်ပိုမိုသုံးစွဲရန် လိုအပ်ပါက ဝန်ကြီးအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့် ငွေသည် ပုဒ်မ ၆ ပုဒ်မခွဲ (ခ) တွင် သတ်မှတ်ထားသည့် ကျပ် နှစ်ရာငါးဆယ်ကုဋေထက် မပိုစေရ။

၄။ (က) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၈-၇၉ ခုနှစ်အတွက်ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်၊

(ခ) နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာ

တွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ) အရ ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၀-၇၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတရပ်ချင်း ကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အခန်း (၂)

## သီးသန့်ရန်ပုံငွေ

၅။ (က) နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား (၄) စာတိုင် ၄ တွင် ဖော်ပြထားသောသီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကိုအောက်ပါ စည်းကမ်းချက် များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်—

(၁) ကြိုတင် မမျှော်မှန်းနိုင်သောအသုံးစရိတ် ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စ ဖြစ်ခြင်း၊

(၃) ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း၊ သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရန်ပုံငွေမှကျခံသုံးစွဲခြင်းကိုဝန်ကြီးအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတရပ်ချင်း ကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့တင်ပြရမည်။

## အခန်း (၃)

## ငွေချေးယူခြင်း

၆။ (က) ဝန်ကြီးအဖွဲ့သည် ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၇၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း ကျပ်ငွေ၊ နိုင်ငံခြားငွေတို့ဖြင့် ပေါ်ပေါက်မည့် လိုအပ်ငွေများကို ချေးငွေဖြင့် ရှာဖွေဖြည့်တင်းနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား လိုအပ်သော သတ်မှတ်ချက်များနှင့်အညီ လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် ချေးငွေဖြင့်ရှာဖွေဖြည့်တင်းရာ၌ ပုဒ်မခွဲ(က)တွင် ဖော်ပြသည့်

ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင် တာများအတွက် ကျပ်နှစ်ရာ့ငါးဆယ် ကုဋေပမာဏထက် မပိုစေရ။

၇။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံ စာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၈။ (က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံကိန်းများ အတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ် အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့်ငွေချေး စာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် လည်းကောင်း၊ အခြားနည်းဖြင့် လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ယင်းသို့ ချေးငွေရယူသည့်အခါ မိမိသင့်သည်ထင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်၊

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ချေးယူရရှိသည့် ငွေကို နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများသို့ သင့်လျော်သောစည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးနိုင်သည်။

၉။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်း စီမံချက်များအတွက် သော်လည်းကောင်း၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ် အတွက် သော်လည်းကောင်း ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။

၁၀။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စားအာမခံချက် ပေးနိုင်သည်။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ငွေချေး | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | | | ၆,၁၀၀ | | | | | | | |
| ၂ | နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ ကောင်စီအဆင့်ဆင့်များ | ရှင်း | | | ၁၄,၅၆,၈၆၀ | | ၅၀,၀၀၀ | | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂,၀၀၀ | | | | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့ တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁,၄၈,၇၆,၇၀၀ | | | | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌကတာဝန် ပေးသူ | | | ၄၀၀ | | | | | | | |
| ၆ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ | ပြည်သူ့ လုပ်ငန်း စစ်ဆေးရေး အဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန် ပေးသူ | | | ၂,၂၀,၀၃၀ | | | | | | | |
| | ပေါင်း | | | | ၁,၆၅,၆၂,၀၉၀ | | ၅၀,၀၀၀ | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ သို့မဟုတ် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက တာဝန်ပေးသူ | ၇၂,၃၁,၂၈၀ | | | ၁,၅၇,၄၅၀ | | | | |
| ၂ | နိုင်ငံတော်ကောင်စီနှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်များ | ရှင်း | ၂၈,၂၂,၂၉,၁၇၀ | | | ၃,၂၆,၄၅,၉၀၀ | | | | |
| ၃ | ဝန်ကြီးအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၈,၅၇,၂၂၀ | | | ၇၇,၄၀၀ | | | | |
| ၄ | ပြည်သူ့တရားသူကြီးအဖွဲ့ | ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၄၀,၂၄,၀၅၀ | ၅၀၀ | | ၉,၇၂,၀၃၀ | | | | |
| ၅ | ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၂၄,၇၂,၆၈၀ | | | ၈,၂၆,၀၄၀ | | | | |
| ၆ | ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့ | ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂,၉၅,၇၀,၅၉၀ | | | ၉,၉၃,၄၀၀ | | | | |
| | ပေါင်း | | ၃၅,၀၃,၀၄,၉၉၀ | ၅၀၀ | | ၃,၅၆,၂၉,၁၀၀ | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ — အခွန် အကောက် | ရငွေများ — နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ရငွေများ — အခြားသာမန်ငွေ | ရငွေများ — အတိုးရငွေ | ရငွေများ — ငွေလုံးငွေရင်းရငွေ | ရငွေများ — ပြည်ပအကူအညီရငွေ | ချေးမြီ — ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးမြီ — ချေးယူရငွေ | ဘဏ်အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ် က တာဝန်ပေးသူ | | | | | | | | | | |
| ၁ | ယမ်းမျိုးခွန် | | ၈၃,၀၀,၀၀၀ | | | | | | | | | |
| ၂ | ဝင်ကုန်အတွက် လိုင်စင်ခများ | | ၁၅,၀၀,၀၀,၀၀၀ | | | | | | | | | |
| ၃ | မြန်မာနိုင်ငံ ထောင်ဘာလေသိန်းဆု | | ၄,၀၀,၀၀,၀၀၀ | | | | | | | | | |
| ၄ | သယ်ယူပို့ဆောင်ရေးအခွန် | | ၅၀,၈၉,၇၀၀ | | | | | | | | | |
| ၅ | ကုန်စည်နှင့် ဝန်ဆောင်မှုခွန် | | ၂,၀၉,၇၂,၉၈,၀၀၀ | | | | | | | | | |
| ၂ | ဝင်ငွေနှင့် ပိုင်ဆိုင်မှု အပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ရင်း | | | | | | | | | | |
| ၁ | ဝင်ငွေခွန် | | (−)၁,၂၂,၄၆,၀၀၀ | | | | | | | | | |
| ၂ | အမြတ်ခွန် | | ၁၄,၀၂,၇၂,၂၅၀ | | | | | | | | | |
| ၃ | အကောက်ခွန် | ရင်း | | | | | | | | | | |
| ၁ | အကောက်ခွန် | | ၄၈,၅၉၅၀,၀၀၀ | | | | | | | | | |
| ၄ | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက် | ရင်း | | | | | | | | | | |
| ၁ | မြေယာ ပေါ် တွင် ကောက်ခံသည့် အခွန် | | ၇,၉၀,၅၈,၀၀၀ | | | | | | | | | |
| ၂ | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၇,၈၃,၈၁,၂၉၀ | | | | | | | | | |
| ၃ | ခတ်သတ္တု ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၁,၁၂,၈၉,၀၀၀ | | | | | | | | | |
| ၄ | အင်းအိုင်ခွန် | | ၂,၈၉,၀၀,၀၀၀ | | | | | | | | | |
| ၅ | ကြက်ပေါင်ငှေးပေါ်တွင် ကောက်ခံသည့်အခွန် | | ၁,၇၅,၀၀၀ | | | | | | | | | |
| ၆ | ဝါဂွမ်းပေါ်တွင် ကောက်ခံသည့် အခွန် | | ၁,၀၀၀ | | | | | | | | | |
| | နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ရင်း | | ၅၀,၅၁,၉၇,၀၀၀ | | | | | | | | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသောမန့်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ဆေးငွေယတွက်မြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၆ | ဝန်ကြီးချုပ်ရုံး | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | | |
| ၇ | နိုင်ငံခြားရေး | ၎င်း | | | ၁,၀၇,၆၀၀ | | ၆၀,၆၀၀ | | | | | |
| ဂ | ကာကွယ်ရေး | ၎င်း | | | ၂,၅၅,၅၀,၀၀၀ | | | | | | | |
| ၉ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | | | ၁,၄၃,၁၉,၁၁၀ | | | ၃၅,၀၂,၀၀၀ | | | | |
| ၁၀ | လူမှုဝန်ထမ်း | ၎င်း | | | ၆,၅၆,၄ဂ၀ | | | ၂၄,ဂဂ,၀၀၀ | | | | |
| ၁၁ | ပြန်ကြားရေး | ၎င်း | | | ၄,၆၂,၁၀၀ | | | .... | | | | |
| ၁၂ | ယဉ်ကျေးမှု | ၎င်း | | | ၆,၉၂,၁၂၀ | | | .... | | | | |
| ၁၃ | ပညာရေး | ၎င်း | | | ၂,၉၇,၃၃,၂၂၀ | ၃,၀၀၀ | | ၅၄,၅၂,၀၀၀ | | ၇၇,၃၅,၀၀၀ | | |
| ၁၄ | ကျန်းမာရေး | ၎င်း | | | ၃၃,၂၆,၅၃၀ | | | ၂,၃၆,၂၅,၀၀၀ | | ၄၀,ဂ၇,၀၀၀ | | |
| ၁၅ | အလုပ်သမား | ၎င်း | | | ၇,၀၉၀ | | | ၂,ဂ၄,၀၀၀ | | .... | | |
| ၁၆ | လယ်ယာနှင့် သစ်တော | ၎င်း | | | ၁၂,၁၄,၄၉,၁၂၀ | | ၁,၀၀,၀၀၀ | ၅၀,၀၂,၀၀၀ | | ၉,၄၁,ဂ၄,၀၀၀ | | |
| ၁၇ | သတ္တုတွင်း | ၎င်း | | | ၃၃,၀၀၀ | | | ၉၁,၃၅,၀၀၀ | | | | |
| ၁ဂ | အမှတ် (၁) စက်မှု | ၎င်း | | | ၃,၁၃,၂၂၀ | | | .... | | | | |
| ၁၉ | အမှတ် (၂) စက်မှု | ၎င်း | | | ၉၀၀ | | | .... | | | | |
| ၂၀ | ဆောက်လုပ်ရေး | ၎င်း | | | ၁,၂၅,၉၃,၅၀၀ | ၁,ဂ၁,၅၀၀ | | .... | ၃,၅၀,၀၀၀ | .... | | |
| ၂၁ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | | | ၁,၀၀,၇၉,၄ဂ၀ | — | | ၁,၆၉,၂၅,၀၀၀ | .... | ၄၄,၅၆,၀၀၀ | | |
| ၂၂ | ကုန်သွယ်ရေး | ၎င်း | | | ၂၉,၂၇,၃ဂ၀ | — | | .... | .... | — | | |
| ၂၃ | သမဝါယမ | ၎င်း | | | ၃၉,၅ဂ,၉၉၀ | — | | .... | .... | .... | | |
| ၂၄ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | | | ၃,ဂဂ,၁၄,၇ဂ၀ | ၄,၅၇,ဂ၃,၀၄၀ | | ၉၁,၆၃,၀၀၀ | ၂,၀၉,၅၄,၀၀၀ | ၅၁,၆၄,၆၀,၀၅၀ | ၁၉,၅၇,၉ဂ,၀၇၀ | |
| ၂၅ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | | | ၁,၅၅,၁၀၀ | | | | | | | |
| ၂၆ | ဆုငွေများနှင့် ထုံးတည်း ပင်စင်ငွေများ | ၎င်း | | | .... | | | | | | | |
| | ပေါင်း | | ၃,၁၁,၂၄,၂ဂ,၂၄၀ | ၅၀,၅၁,၉၃,၀၀၀ | ၂၆,၅၁,ဂဂ,၁၂၀ | ၄,၅၉,၆၇,၅၄၀ | ၁,၆၀,၆၀၀ | ၇,၅၅,၆ဂ,၀၀၀ | ၂,၁၃,၀၄,၀၀၀ | ၆၂,၆၉,၂၂,၀၅၀ | ၁၉,၅၇,၉ဂ,၀၇၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ဝန်ကြီးချုပ်ရုံး | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၆,၂၄,၀၇၀ | | — | ၁၄,၃၀,၉၀၀ | | | | |
| ၂ | နိုင်ငံခြားရေး | ၎င်း | ၃,၃၄,၉၉,၃၀၀ | | ၆,၄၈,၀၀၀ | ၁,၃၇,၆၉,၀၉၀ | | | | |
| ၃ | ကာကွယ်ရေး | ၎င်း | ၁,၀၃,၂၆,၈၅,၂၀၀ | | — | ၁၂,၂၄,၆၅,၀၀၀ | | | | |
| ၄ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | ၃၂,၅၈,၄၄,၀၀၀ | | ၁,၀၃,၈၈,၆၀၀ | ၁,၁၅,၁၆,၇၅၀ | | | | |
| ၅ | လူမှုဝန်ထမ်း | ၎င်း | ၁,၃၅,၉၀,၂၈၀ | | ၂၂,၄၁,၀၀၀ | ၁၉,၁၆,၅၆၀ | | | | |
| ၆ | ပြန်ကြားရေး | ၎င်း | ၆၃,၅၈,၀၀၀ | | — | ၅,၀၀,၆၄၀ | | | | |
| ၇ | ယဉ်ကျေးမှု | ၎င်း | ၆၄,၆၁,၀၀၀ | | ၁၂,၅၀၀ | ၄,၉၀,၂၅၀ | | | | |
| ၈ | ပညာရေး | ၎င်း | ၄၈,၇၈,၂၂,၀၀၀ | | ၅၃,၀၂,၀၀၀ | ၂,၄၀,၅၂,၆၆၀ | | | | |
| ၉ | ကျန်းမာရေး | ၎င်း | ၂၄,၄၂,၁၉,၃၂၀ | | ၃၂,၄၉,၇၀၀ | ၄,၅၀,၀၂,၅၁၀ | | | | |
| ၁၀ | အလုပ်သမား | ၎င်း | ၆၉,၈၈,၁၀၀ | | ၁,၇၂,၉၆,၈၀၀ | ၃,၀၇,၁၀၀ | | | | |
| ၁၁ | လယ်ယာနှင့် သစ်တော | ၎င်း | ၃၁,၄၉,၀၀,၀၀၀ | ၃၆,၂၀၀ | ၃,၀၀,၀၀၀ | ၃၀,၁၉,၁၈,၉၀၀ | | ၉,၆၀,၇၀၀ | | |
| ၁၂ | သတ္တုတွင်း | ၎င်း | ၁,၇၅,၄၀,၆၀၀ | | — | ၁,၀၂,၂၂,၇၀၀ | | | | |
| ၁၃ | အမှတ် (၁) စက်မှု | ၎င်း | ၇၇,၀၄,၃၀၀ | | — | ၂၃,၇၇,၀၀၀ | | | | |
| ၁၄ | အမှတ် (၂) စက်မှု | ၎င်း | ၄,၂၄,၇၀၀ | | — | ၁၇,၄၀၀ | | | | |
| ၁၅ | ဆောက်လုပ်ရေး | ၎င်း | ၁၃,၅၆,၈၄,၀၀၀ | | — | ၄,၈၀,၉၄,၂၄၀ | ၁၅,၀၀,၀၀၀ | | | |
| ၁၆ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | ၄,၀၆,၉၈,၃၄၀ | | ၈,၅၀,၀၀၀ | ၄,၈၀,၃၆,၃၆၀ | | | | |
| ၁၇ | ကုန်သွယ်ရေး | ၎င်း | ၁,၁၈,၅၁,၇၀၀ | | ၁,၅၁,၀၀၀ | — | | | | |
| ၁၈ | သမဝါယမ | ၎င်း | ၆,၃၉,၉၇,၅၁၀ | | — | ၇,၅၂,၄၅၀ | | | | |
| ၁၉ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | ၅,၅၄,၁၅,၉၃၀ | ၁၇,၄၂,၅၂,၃၁၀ | ၉၁,၂၄,၇၀၀ | ၆၀,၅၅,၇၃၀ | | ၁၉,၈၂,၈၇,၂၅၀ | ၂၂,၅၃,၅၃,၂၉၀ | ၂,၇၇,၅၇,၀၀၀ |
| ၂၀ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၁၉,၀၂,၂၇,၃၀၀ | | — | — | | | | |
| ၂၁ | ဆုငွေများနှင့် တလုံးတည်းပင်စင်ငွေများ | ၎င်း | ၆,၉၀,၀၀,၀၀၀ | | — | — | | | | |
| ၂၂ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသော နိုင်ငံတော်၏ ဘဏ္ဍာအသုံးအစွဲအစည်း၏ ဇယား(၁) (၂)နှင့်(၃) တို့တွင် ဖော်ပြထားသောတာဝန်ခံ၊ သို့မဟုတ် ယင်းပုဂ္ဂိုလ်က တာဝန်ပေးသူ | ၆,၇၄,၅၅,၅၆၀ | | — | — | | | | |
| | ပေါင်း | | ၃,၁၃,၈၃,၈၉,၂၁၀ | ၁၇,၄၂,၈၈,၅၁၀ | ၄,၈၅,၆၄,၀၀၀ | ၆၃,၈၉,၂၆,၅၄၀ | ၁၅,၀၀,၀၀၀ | ၁၉,၉၂,၅၇,၉၅၀ | ၂၂,၅၃,၅၃,၂၉၀ | ၂,၇၇,၅၇,၀၀၀ |

## အပိုင်း ၄

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၁။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရမိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများသည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်၊

(ဂ) နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ် ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာတွင် ဇယား (၅)နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၂။ (က) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲ ပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများအတွက် နိုင်ငံတော်က စိုက်ထားသောငွေကိုဖြစ်စေ၊ ထုတ်ချေးထားသောငွေကိုဖြစ်စေ၊ ထောက်ပံ့ထားသောငွေကိုဖြစ်စေ အကျိုးတူရင်းနှီးမြှုပ်နှံမှု မ တည်ငွေအဖြစ် ပြောင်းလဲရန်လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရည်မှန်းချက်များနှင့်အညီစီးပွား

ရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အခြေပြုနိုင်ရန် ယင်းအဖွဲ့အစည်းအသီးသီးအတွက် လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကို သတ်မှတ်ပေးနိုင်သည်၊

(င) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ပစ္စည်း ဈေးနှုန်းများနှင့် ဝန်ဆောင်ခနှုန်းထားများကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်၊

(စ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအား လိုအပ်သောစည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဆ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်း ဆိုသည့်စကားရပ်တွင် ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမပါဝင်စေရ၊

(ဈ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဆ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအားအပ်နှင်းနိုင်သည်။

## အခန်း (၃)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၃။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ

တာဝန်ခံပုဂ္ဂိုလ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအသီးသီးသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ) အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၄။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၈-၇၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများ တွင် ရင်းနှီးငွေမှ ရငွေ | ၁၉၇၆-၇၇ နှစ် လက်ကျန်ငွေမှ ရင်းနှီးမြှုပ်နှံငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ နှင့် ဘဏ် စသည့် အဖွဲ့အစည်းများ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ ။ | | | ၁၆,၇၀,၆၂,၅၇,၂၀၀ | | ၄၀,၀၀,၀၀၀ | ၈,၅၃,၉၆,၀၀၀ | ၂,၇၀,၁၀,၆၀၀ | ၁,၀၇,၂၄,၈၇,၀၀၀ | | ၃၆,၇၇,၅၀,၀၅၀ |
| | ပေါင်း | | | | ၁၆,၇၀,၆၂,၅၇,၂၀၀ | | ၄၀,၀၀,၀၀၀ | ၈,၅၃,၉၆,၀၀၀ | ၂,၇၀,၁၀,၆၀၀ | ၁,၀၇,၂၄,၈၇,၀၀၀ | | ၃၆,၇၇,၅၀,၀၅၀ |

ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် အတူ သေည့်အပဲ့အစည်းများ၊ ပ ယေား (၆)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ဘဏ္ဍာမှန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ | | အဖွဲ့အစည်းများသို့ ရင်းနှီးငွေ | ရှေဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီနှင့် အတူ သေည့်အပဲ့ အစည်းများ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅,၂၅,၀၃,၈၈,၄၀၀ | | | ၂,၇၅,၃၄,၈၂,၈၅၀ | ၅,၃၄,၄၁,၅၀၀ | ၂၀,၅၅,၈၈,၁၀၀ | | |
| | ပေါင်း | | ၁၅,၂၅,၀၃,၈၈,၄၀၀ | | | ၂,၇၅,၃၄,၈၂,၈၅၀ | ၅,၃၄,၄၁,၅၀၀ | ၂၀,၅၅,၈၈,၁၀၀ | | |

# အပိုင်း ၅

## စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၅။ (က) စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၇)နှင့်(ဂ)တို့တွင် ဖော်ပြထားသော ငွေများသည် စည်ပင်သာယာရေးအဖွဲ့များက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်၊

(ဂ) စည်ပင်သာယာရေး အဖွဲ့များအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇)နှင့် (ဂ) တို့တွင်ဖော်ပြထားသည့် ပုဂ္ဂိုလ်ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ စည်ပင်သာယာရေးအဖွဲ့များသည် ပုဒ်မခွဲ(က) ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာတွင် ဇယား (၇)နှင့်(၈) တို့တွင်ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ၊ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## စည်ပင်သာယာရေးအဖွဲ့များနှင့် ပတ်သက်၍ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၆။ (က) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော စည်ပင်သာယာရေး အဖွဲ့အား လိုအပ်သော စည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များက လုပ်ငန်းလုပ်ကိုင်မှုနှင့်ဖြစ်စေ၊ မှင်းနီးမြုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဂ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)

## စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၇။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၇)နှင့်(၈) တို့တွင်ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၇) နှင့် (၈)တို့တွင် ဖော်ပြထားသောငွေများကို စည်ပင်သာယာရေး အဖွဲ့များက မိမိတို့ လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) စည်ပင်သာယာရေးအဖွဲ့အသီးသီးသည် ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ) အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့ကသတ်မှတ်ပေးသည့်ငွေထက်မကျော်လွန်ပဲချေးယူနိုင်သည်။

၁၈။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား(၇)နှင့် (၈)တို့တွင်ဖော်ပြထားသော ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့တင်ပြသော ၁၉၇၈-၇၉ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်း များတွင် ကျိုးကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာကောက်ခံနိုင်သည်။

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | အခွန် အကောက် | နိုင်ငံတော်၏ ပိုင်ဆိုင်မှုများ ရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ (ရငွေများ) | ပြည်တွင်းအကူအညီ ရငွေ | ချေးငွေ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးငွေ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိစည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ်း သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅,၃၂,၄၈,၇၅၀ | | ၇,၀၂,၇၃,၆၂၀ | | ၈၀,၀၀၀ | | | ၅,၁၃,၆၉,၈၀၀ | | |
| ၂ | ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁,၈၇,၁၀၀ | | ၁၄,၄၇,၉၀၀ | | | | | | | |
| | ပေါင်း | | ၅,၃၄,၃၅,၈၅၀ | | ၇,၁၇,၂၁,၅၂၀ | | ၈၀,၀၀၀ | | | ၅,၁၃,၆၉,၈၀၀ | | |

## ညှိပင်းသာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အပိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ချေးငွေ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရန် အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ ညှိပင်းသာယာရေး အဖွဲ့များ | ဝန်ကြီးချုပ်၊ သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၀,၄၁,၆၃,၀၇၀ | | | ၁၀,၁၂,၅၀,၆၄၀ | | ၁၂,၆၀,၈၀၀ | | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မှ ညှိပင်းသာယာရေးအဖွဲ့များ | ၎င်း | ၁၄,၂၆,၄၀၀ | | | ၃,၇၀,၂၀၀ | | | | |
| | ပေါင်း | | ၁၀,၅၅,၈၉,၄၇၀ | | | ၁၀,၁၆,၂၀,၈၄၀ | | ၁၂,၆၀,၈၀၀ | | |

# အပိုင်း ၆

## အထွေထွေ

၁၉။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရလျာထားသော ရငွေတို့ထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များ နှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံး စရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ဝန်ကြီး အဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့်အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်း ကောင်း ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်၏နောက်ထပ် ရငွေ သုံးငွေအဖြစ် တင်ပြ တောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၅ ၌ပါရှိသော စည်းကမ်းချက် များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်း မရှိပါက အသုံးစရိတ် တခုချင်းအတွက် ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်သို့ တင်ပြတောင်းခံ နိုင်သည်။

# တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၇၀ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃။]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုတာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ (က) တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ခ) တွင် "လက်ရှိပြည်သူ ကိုယ်စားလှယ်များ" ဆိုသည့် စကားရပ်ကို "ပြည်သူ့ကိုယ်စားလှယ်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ (ခ) တွင် "အနီးကပ်ဆုံး" ဆိုသည့် စကားရပ်ကို "နိုင်ငံတော်ကောင်စီက သတ်မှတ်သော" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

# တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းဥပဒေ

# တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ဥပဒေ

[၁၉၇၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄။]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တာဝန်မှနုတ်ထွက်ခြင်းနှင့် အစားထိုး ရွေးချယ် တင်မြှောက်ခြင်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) လွှတ်တော် ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) ပြည်သူ့ကိုယ်စားလှယ် ဆိုသည်မှာ လွှတ်တော် ကိုယ်စား လှယ်နှင့် ပြည်သူ့ကောင်စီဝင်တို့ကိုဆိုသည်။

# အခန်း (၂)

## တာဝန်မှနုတ်ထွက်ခြင်း

၃။ (က) လွှတ်တော် ကိုယ်စားလှယ်တဦးသည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် နိုင်ငံတော်ကောင်စီ သို့ နုတ်ထွက်လွှာကို တင်သွင်းရမည်။ လွှတ်တော်ကရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်းတရပ်ရပ်၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှတဆင့် နိုင်ငံတော်ကောင်စီသို့ နုတ်ထွက်လွှာကို တင်သွင်းရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်တဦးသည် ပြည်သူ့ကောင်စီဝင် အဖြစ်မှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာ အလုပ်အမှုဆောင် အဖွဲ့သို့ နုတ်ထွက်လွှာကို တင်သွင်းရမည်။ ပြည်သူ့ကောင်စီကရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်းတရပ်ရပ်၏အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှတဆင့် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သို့ နုတ်ထွက်လွှာကို တင်သွင်းရမည်။

၄။ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သည် နုတ်ထွက်လွှာတင်သွင်းသော ပြည်သူ့ကိုယ်စားလှယ်အား နုတ်ထွက်လွှာပြန်လည်ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်ရန် တဆယ့်ငါးရက်အထိ ခွင့်ပြုနိုင်သည်။ နုတ်ထွက်လွှာကို ပြန်လည်ရုပ်သိမ်းခြင်းမပြုလျှင် နုတ်ထွက်ခွင့်ပြုရမည်။

၅။ နိုင်ငံတော်ကောင်စီ၊ သို့မဟုတ် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သည် နုတ်ထွက်ခွင့် ပြုခဲ့ခြင်းများကို အနီးကပ်ဆုံး လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးသို့တင်ပြရမည်။

၆။ ပြည်သူ့ကိုယ်စားလှယ် တဦးသည် လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ် တင်မြှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရရှိစေကာမူ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်တည်ရှိစေရမည်။

၇။ ပြည်သူ့ကိုယ်စားလှယ်တဦးသည် ပြည်သူ့ကိုယ်စားလှယ် အဖြစ်မှ နုတ်ထွက်ခွင့်ရရှိလျှင် သက်ဆိုင်ရာ အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှလည်း အလိုအလျောက် နုတ်ထွက်ပြီးဖြစ်သည်။

## အခန်း (၃)

## အစားထိုးရွေးချယ်တင်မြှောက်ခြင်း

၈။ (က) လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေး ကော်မတီက နိုင်ငံတော်ကောင်စီသို့ အမြန်ဆုံးတင်ပြရမည်။ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ကြောင်းကို လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက တင်ပြလာလျှင် သော်လည်းကောင်း၊ နိုင်ငံတော်ကောင်စီက သိရှိရလျှင် သော်လည်းကောင်း နိုင်ငံတော်ကောင်စီသည် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သို့ အကြောင်းကြားရမည်၊

(ခ) ပြည်သူ့ကောင်စီဝင်နေရာ လစ်လပ်လျှင် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က နိုင်ငံတော်ကောင်စီသို့ အမြန်ဆုံးတင်ပြရမည်။ နိုင်ငံတော်ကောင်စီသည် ပြည်သူ့ကောင်စီဝင်နေရာ လစ်လပ်ကြောင်းကို ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်သို့ အကြောင်းကြားရမည်။

၉။ အကြောင်း တရပ်ရပ်ကြောင့် ပြည်သူ့ ကိုယ်စားလှယ် နေရာ လစ်လပ်လျှင် လစ်လပ်သောနေရာအတွက် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်အရ ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် က ကျင်းပပေးရမည်။ သို့ရာတွင် ခိုင်လုံသော အကြောင်း တရပ်ရပ်ပေါ်ပေါက်လျှင် နိုင်ငံတော်ကောင်စီ သည် ကြားဖြတ်ရွေးချယ်တင်မြှောက်ပွဲကို ဆိုင်းငံ့ထားရန် ခွင့်ပြုနိုင်သည်။

၁၀။ လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်နေရာ လစ်လပ်လျှင် အနီးကပ်ဆုံး လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် အစားထိုး ရွေးချယ်တင်မြှောက်ရမည်။ သို့ရာတွင် ခိုင်လုံသော အကြောင်းတရပ်ရပ် ပေါ်ပေါက်လျှင် နိုင်ငံတော်ကောင်စီ သည် သဘာပတိ အဖွဲ့ဝင်မှ အပ အခြား အဖွဲ့အစည်းဝင် နေရာအတွက် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းကို ဆိုင်းငံ့ထားရန် ခွင့်ပြုနိုင်သည်။

# အခန်း (၄)

## အထွေထွေ

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထမြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အလို့ငှာ နိုင်ငံတော်ကောင်စီသည် လိုအပ်သော လုပ်ထုံး လုပ်နည်းနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၁၂။ တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေ [၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၆။] ကို ဤဥပဒေဖြင့်အစားထိုးလိုက်သည်။

(ပုံ) နေဝင်း
ဥက္ကဋ္ဌ
နိုင်ငံတော်ကောင်စီ၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၀ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်။
(၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်။)

ပေ၊က၊—၁၁၂၀၉၁၊ ပြည်သူ့လွှတ်တော်ရုံး၊ ၁/၇၉—၅၀၀၀ × ၂၅—ဖ၊လ။